# ကိုယ်တော်ထမြောက်တော်မူပြီ

YR C
NO. 4



အလွတ်ကျမ်းချက်။ ရောမဩဝါဒစာ ၆း၄
“ထို့ကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့် အတူ သင်္ဂြိုဟ်ခြင်းကို ခံရကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်ခိုးတော်အားဖြင့် သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း။”



## တနင်္ဂနွေနေ့ ၊ ထမြောက်တော်မူခြင်း (ရှင်မဿဲခရစ်ဝင် ၂၈း၁-၅) ၁

ဘာသာရေးခေါင်းဆောင်များ (ယဇ်ပုရောဟိတ်မင်းများ၊ ကျမ်းတတ်ပုဂ္ဂိုလ်များ)သည် မြတ်နိုးစွာထားသော ယေရှု၏ရုပ်အလောင်းတော်ကို သင်္ချိုင်းဂူတွင်း၌ လုံခြုံစွာတံဆိပ်ခတ်ထားခဲ့၏။ ပိလတ်မင်းသည် စစ်သား အယောက် ၁၀၀ ဖြင့် ထိုဂူပတ်လည်၌ ယေရှု ထွက်မလာဖို့ရန် စောင့်ကြပ်ခိုင်းစေခဲ့သည်။ စာတန်နှင့် သူ၏တမန်များသည်လည်း ယေရှုကို ထိုနေရာ၌ ထာဝရထိမ်းသိမ်းရန်ဆုံးဖြတ်ချက်ချပြီး၊ ထိုသင်္ချိုင်းဂူပတ်လည်၌ စောင့်ကျပ်နေခဲ့ကြသည်။ အထက်ကောင်းကင်ဘုံမှ ကောင်းကင်တမန်ထုကြီးသည်လည်း သေခြင်းမှ ထမြောက်လာမည့် ယေရှုအား စောင့်ကြိုရင်း၊ ထိုသင်္ချိုင်းဂူကို စောင့်ထိန်းနေခဲ့ကြ၏။

ညသည်တဖြည်းဖြည်းလွန်သွားခဲ့ပြီး၊ တနင်္ဂနွေမနက်စောစော မှောင်နေသေးသောအချိန်၌ ချက်ချင်း အလင်းတန်းတစ်ခုသည် ထွန်းလင်းလာပြီး၊ ကြီးမားသော ငလျင်တစ်ခုဖြစ်ပျက်ခဲ့၏။ ထိုအချိန်တွင် ကောင်းကင်မှ ကောင်းကင်တမန်ဂါဗြေလသည် ဆင်းကြွလာခဲ့လေ၏။ ဂါဗြေလသည် ဘုရားသခင်၏ကောင်းကင်တမန်မင်းဖြစ်ပြီး၊ သူသည် အရင်စာတန်၏နေရာ၌ တက်လာသောသူဖြစ်သည်။ သူသည် ယေရှုခရစ်တော် ဤလောက၌ရှိစဉ်အခါ၊ ခရစ်တော်ကို စောင့်မသောကောင်းကင်တမန်များထဲမှ တစ်ဦးအပါအဝင် ဖြစ်၏။ ထိုအချိန်တွင်၊ သူသည် ယေရှုခရစ်တော်အတွက် ခမည်းတော်၏အမိန့်ဖြင့် ကောင်းကင်မှ ဆင်းကြွလာခဲ့သည်။ ထိုအချိန်တွင် ဘာဖြစ်ပျက်ခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၈း၁-၃။

ထိုအခါ၊ ဂါဗြေလသည် ကျောက်တုံးကို ဂူအဝင်ဝမှ လှိမ့်ဖွင့်ခဲ့၏။ ဒုတိယကောင်းကင်တမန်သည်လည်း အထဲသို့ဝင်သွား၍ ယေရှု၏ ခန္ဓာကိုယ်မှ ပတ်ထားသော အဝတ်များကို ဖြေပေးခဲ့သည်။ ထိုအချိန်တွင်၊ ဂါဗြေလက “ဘုရားသခင်၏သားတော်၊ သင်၏ ခမည်းတော်သည် သင့်ကို ခေါ်တော်မူသည်” ကြွေးကြော်လေ၏။ အိပ်ရာထ၍ လမ်းလျှောက်လာသည်နည်းတူ၊ ယေရှုသည် ချက်ချင်း ထလာပြီး သူ၏ကိုယ်ကို လွှမ်းခြုံထားသော အဝတ်တော်များကို သေသပ်စွာ ခေါက်ထား၏။ ထို့နောက် သူသည် တောက်ပသော ဘုန်းရောင်ခြည်ဖြင့် သင်္ချိုင်းဂူအတွင်းမှ အောင်ပွဲဆင်ကာ ထွက်လာခဲ့ပြီး၊ “ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏” ဟု ကြွေးကြော်လေ၏။ ဝမ်းမြောက်နေသော ကောင်းကင်တမန်မင်းများသည် သင်္ချိုင်းဂူပတ်လည်၌ ယေရှုကို ဦးညွှတ်ခဲ့ကြပြီး၊ ချီးမွမ်းသီချင်းသီဆိုခြင်းအားဖြင့် ကြိုဆိုခဲ့ကြသည် (သို့) ပျပ်ဝပ်ကိုးကွယ်ခဲ့ကြလေ၏။ ယေရှုသည် ကျွန်ုပ်တို့အတွက် လုပ်ဆောင်ခဲ့သော အရာများအတွက် သူတို့သည် ယေရှုခရစ်တော်ကို အဘယ်မျှလောက်ချစ်တော်မူသနည်း။

ဂါဗြေလရောက်လာသောအခါတွင် စာတန်နှင့်သူ၏တမန်များသည် ကြောက်ရွံ့ကာ ထွက်ပြေးခဲ့ကြ၏။ သူတို့သည် သင်္ချိုင်းဂူတွင်း၌ ယေရှုအား ထိန်းသိမ်းရန် မအောင်မြင်ခဲ့ကြတော့ချေ။ ထိုအချိန်တွင် စာတန်က မိမိသည် လုံးဝရှုံးနိမ့်သောသူဖြစ်ကြောင်းနှင့် သူ၏နိုင်ငံတော်သည် တစ်နေ့ထာဝရအဆုံးသတ်ရတော့မည်ဖြစ်ကြောင်းကို သိခဲ့လေ၏။

ယေရှုသည်လည်း သူသည် အသက်ကိုလည်း နုတ်ယူနိုင်ခြင်း၊ အသက်ပြန်ရှင်နိုင်ခြင်း တန်ခိုးရှိကြောင်း ပြောခဲ့သည်။ ရှင်ယောဟန်ခရစ်ဝင် ၁၀း၁၇၊ ၁၈။ ထို့ကြောင့် ယဇ်ပုရောဟိတ်များသည် စိတ်ပူပန်ကြပြီး၊ စစ်သားများဖြင့်တပ်ချစောင့်ဖို့ရန်အတွက် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ယေရှုသည် အပြစ်ကျူးလွန်ခြင်းမပြုခဲ့သည့်အတွက် သူသည် သေထိုက်သောသူ မဟုတ်ခဲ့ပေ။ သူသည် မိမိကိုယ်တိုင်နည်းလမ်းဖြင့် ကျွန်ုပ်တို့အပြစ်များကို ယူသွားရန်နှင့် ကျွန်ုပ်တို့အတွက် သူ၏အသက်ကို အပ်နှံရန် အလိုရှိနေခဲ့ပါသည်။

သို့သော် ယေရှုသည် မသေနိုင်ပါ၊ သေရုံဖြင့်လည်း မလုံလောက်ခဲ့ပေ။ (တမန်တော်ဝတ္ထု ၂း၂၄) သူ၏ပြည့်စုံသောအသက်တာ နှင့် အသေခံခြင်းအားဖြင့်၊ သူသည် မရဏာနိုင်ငံကို ဖျက်စီးခဲ့သည်။ (တိမောသေဩဝါဒစာ ဒုတိယစောင် ၁း၁၀၊ ဟေဗြဲဩဝါဒစာ ၂း၁၄) ထို့နောက် မိမိခမည်းတော်၏ခေါ်တော်မူခြင်းကြောင့်၊ သူ၏တန်ခိုးတော်အားဖြင့် သူ၏အသက်နိုးထစေခဲ့ပြီး အောင်မြင်သောသူကဲ့သို့ သင်္ချိုင်းတွင်းမှ ထွက်ကြွတော်မူခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်** - ယေရှုသည် မရဏာနိုင်ငံကို ဖျက်စီးအောင်နိုင်ခဲ့သောကြောင့်၊ ကျွန်ုပ်တို့သည် ထိုရှင်ပြန်ထမြောက်ခြင်း၌ မျှော်လင့်ချက်ရရှိခဲ့ခြင်းဖြစ်သည်။ ကောရိန္သုဩဝါဒစာ ပထမစောင် ၁၅း၁၆-၂၂ ကို ဖတ်ရှုပါ။

## တနင်္လာနေ့ ၊ ကိုယ်တော် ထမြောက်တော်မူပြီ (ရှင်မဿဲခရစ်ဝင် ၂၈း၁၁-၁၅၊ ရှင်ယောဟန်ခရစ်ဝင် ၂၀း၁-၁၀) ၂

ယေရှု၏သင်္ချိုင်းဂူကို စောင့်ကြပ်နေသော ရောမစစ်သားများသည် ထိုမနက်အစောပိုင်း၌ ဖြစ်ပျက်ခဲ့သောအရာအားလုံးကို ကြားနာမြင်တွေ့ခဲ့

နံနက်စာသုံးဆောင်ကြပြီးနောက်၊ သခင်ယေရှုသည် အရေးကြီးသောအရာတစုံတစ်ခုကို အထူးဂရုပြုခဲ့သည်။ ထိုမတိုင်ခင်၊ ရက်အနည်းငယ်တုန်းက ပေတရုသည် ယေရှုအား သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့ပြီးသောကြောင့် တခြားသောတပည့်တော်များသည် ပေတရုမှာ သခင်ယေရှုကို ကူညီလုပ်ဆောင်ပေးသူတယောက်အနေဖြင့် ကျန်ရှိရန်ခွင့်ရမည်မဟုတ်ကြောင်း ထင်ခဲ့ကြသည်။



သခင်ယေရှုသည် ပေတရု၌ စစ်မှန်သောနောင်တရရှိကြောင်းကို တခြားသောတပည့်တော်များအား မြင်တွေ့စေချင်ခဲ့သည်။ ထိုနည်းတူ ပေတရုသည် သူ့အတွက် အလုပ်လုပ်မည်ဖြစ်ကြောင်းကို သခင်ယေရှု သိခဲ့သည်။ ထိုနည်းတူ သခင်ယေရှုသည် ကျွန်ုပ်တို့အား သူတပါးအား အဘယ်သို့ ခွင့်လွှတ်ရမည်၊ သူတပါးအား အဘယ်သို့နှိမ့်ချစွာ ဆက်ဆံရမည်ကို သိစေချင်ခဲ့သည်။ ရှင်ယောဟန်ခရစ်ဝင် ၂၁း၁၅-၁၇ ကိုဖတ်ပါ။ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။

ပေတရုသည် ကြွားဝါးသောသူ မဟုတ်တော့ချေ။ သူသည် အခြားသောတပည့်တော်များနှင့်လည်း မိမိကိုယ်ကို မနှိုင်းယှဉ်၊ မယှဉ်ပြိုင်တော့ချေ။ သူသည် စစ်မှန်သောပြောင်းလဲခြင်းရှိသူဖြစ်ကြောင်း အားလုံးကို သက်သေပြခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်** - ကျွန်ုပ်တို့သည်လည်း ပေတရုသင်ယူခဲ့သော သင်ခန်းစာများကို သင်ယူဖို့ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို မကိုးစားသင့်ပေ သို့မဟုတ် သူတပါးနှင့် မနှိုင်းယှဉ်၊ မပြိုင်ဆိုင်သင့်ချေ။ ထိုသို့အစား၊ သခင်ယေရှုတပါးတည်းကိုသာ ကြည့်သင့်ကြောင်းနှင့် ကျွန်ုပ်တို့အားသစ္စာရှိသောသူများအဖြစ်မစရန်၊ သူ့အား မှီခိုအားကိုးသင့်ပေသည်။

## သောကြာနေ့ ၊ ကောင်းကင်သို့ တက်ကြွခြင်း (ရှင်မဿဲခရစ်ဝင် ၂၈း၁၆-၂၀၊ တမန်တော်ဝတ္ထု ၁း၁-၁၁) ၆

သခင်ယေရှုသည် သူမသေခင်၊ သေချာသောအချိန်နာရီနှင့်နေရာကို သူ့အားယုံကြည်သူများနှင့်အတူတွေ့ဆုံဖို့ရန် ကြိုတင်ချိန်းထားခဲ့သည်။ ထိုသတင်းသည် ပြန့်နှံ့ပြီး၊ သတ်မှတ်ချိန်းထားသော အချိန်နာရီ၌ လူပေါင်း ၅၀၀၀ နီးပါး ဂါလိလဲပြည်တောင်နံဘေး၌ စုရုံးလာခဲ့ကြ၏။



သခင်ယေရှုသည် မိမိကိုယ်ကို မေရှိယသခင်ဖြစ်ကြောင်း ကျမ်းစာမှ အထောက်အထားသက်သေများအကြောင်းကို ထို အထက်ခန်းထဲ၌ ရှိနေစဉ် တပည့်တော်များအား မိန့်တော်မူခဲ့ပြီးသားဖြစ်သည်။ သူသည် ကောင်းကင်သို့ပြန်သွားပြီးနောက် တပည့်တော်တို့အား အဘယ်အမှုများအား လုပ်ဆောင်ရန်အတွက်လည်း မှာကြားခဲ့သည်။ (ရှင်လုကာခရစ်ဝင် ၂၄း၄၅-၄၉)

ထို့နောက် သူသည် ထိုအရာများအား လူအုပ်ကြီးကိုလည်း ထို့အတူ မိန့်တော်မူခဲ့ပြန်သည်။ သခင်ယေရှုက သူသည် လောကီနိုင်ငံကို တည်ထောင်ဖို့ရန် လာခဲ့သည်မဟုတ်ကြောင်း၊ သို့သော် ဝိညာဉ်ရေးရာနိုင်ငံတော်တစ်ခုတည်းအတွက် လာခဲ့ကြောင်းကို ရိုးရှင်းစွာ မိန့်တော်မူခဲ့သည်။ သူသည် ကောင်းကင်၌သော်လည်းကောင်း၊ မြေကြီးပေါ်၌သော်လည်းကောင်း အရာခပ်သိမ်းတန်ခိုးပိုင်ရှင်ဖြစ်ကြောင်း ထိုသူတို့အား မိန့်မြွက်ခဲ့၏။ ထို့နောက်တွင် သူတို့အတွက် လုပ်ဆောင်ရမည့်လုပ်ငန်းကိုဖော်ပြပေးပြီး တာဝန်ပေးအပ်ခဲ့သည်။ ထိုအရာသည် အဘယ်အရာဖြစ်သနည်း။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉၊ ၂၀။ သခင်ယေရှုသည် ကျွန်ုပ်တို့အားလည်း ထိုလုပ်ငန်းတာဝန်ကို ပေးအပ်ခဲ့သည်။



သူ၏ ဤလောက၌ရှိနေသည့်နောက်ဆုံးနေ့တွင် သခင်ယေရှုသည် သူ့တပည့်တော် ၁၁ ပါးနှင့်အတူ ယေရုရှလင်၌ ရှိနေခဲ့သည်။ သူတို့ကို ယေရုရှလင်မြို့မှ သံလွင်တောင်သို့ ခေါ်ဆောင်သွားနေသည်နှင့်အမျှ၊ လူအများတို့က လွန်ခဲ့သော အပတ်အနည်းငယ်က လက်ဝါးကပ်တိုင်ပေါ်၌ အသေသတ်ခံခဲ့ရသော လူသား ဦးဆောင်သောအုပ်စုငယ်ကို အံ့ဩမိန်းမောခဲ့ကြသည်။

ယေရှုသည်တောင်ထိပ်ပေါ်သို့တက်ပြီးလျှင် သူတို့ကို ဗေသနိရွာနှင့် မဝေးသောအရပ်သို့ ပို့ဆောင်တော်မူခဲ့၏။ သူရပ်တန့်သွားသောအခါတွင် တပည့်တော်တို့သည် ကိုယ်တော်ထံချဉ်းကပ်ခဲ့ကြ၏။ တပည့်တော်တို့အား နှစ်သိမ့်အားပေးသည့်စကားများ ပြောနေစဉ်၊ ကိုယ်တော်၏မျက်နှာတော်သည် တောက်ပနေခဲ့သည်။ ထို့နောက်၊ သူ၏လက်တော်ကို ဆန့်၍ တပည့်တော်တို့အား ကောင်းချီးပေးပြီး၊ တဖြည်းဖြည်း ကောင်းကင်သို့ စတင်တက်ကြွခဲ့၏။

တပည့်တော်တို့သည် အံ့အားသင့်စွာဖြင့် သူတို့ချစ်မြတ်နိုးသော သခင်၏နောက်ဆုံးမြင်ကွင်းကို မျက်ခြေမပျက်ရှုမျှော်ခဲ့ကြသည်။ သူသည် ဘုန်းရောင်ခြည်တော်နှင့်ပြည့်နေသော မိုးတိမ်ထဲသို့ ဝင်သောအခါ၌၊ ကောင်းကင်တမန်တို့၏ သံစုံတီးဝိုင်းနှင့်အတူ အလွန်သာယာသော ပျော်ရွှင်ဖွယ်သီချင်းသံကို သူတို့ ကြားခဲ့ရသည်။ သခင်ယေရှုက သူတို့အား မှာထားခဲ့သည့် “ငါသည် ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်” ဟူသောအသံကိုလည်း ကြားခဲ့ကြသည်။

ထို့နောက် သာယာသောဂီတအသံများသည် သူတို့အနားတွင် ရောက်လာခဲ့၏။ တပည့်တော်များသည် အဖြူရောင်ဝတ်ထားသော လူနှစ်ဦးကို တွေ့လိုက်၏။ ထိုနှစ်ယောက်သည် ယေရှုခရစ်တော်ထမြောက်ပြီးနောက် သင်္ချိုင်းဂူ၌ရှိခဲ့သော ဂါဗြေလနှင့် တခြားကောင်းကင်တမန်တပါးဖြစ်သည်။ ထိုအင်အားကြီးမားသော ကောင်းကင်တမန်နှစ်ပါးတို့သည် သခင်ယေရှု၏တပည့်တော်များကို နှစ်သိမ့်ရန် အနားမှာ ရှိနေခဲ့ကြသည်။ သူတို့ (ကောင်းကင်တမန်နှစ်ပါး) တပည့်တော်တို့အား ဘာပြောခဲ့သနည်း။ တမန်တော်ဝတ္ထု ၁း၁၀၊ ၁၁။

**လက်တွေ့ကျင့်သုံးရန်** - ထိုကတိတော်သည် ယခင်ကကဲ့သို့ ယခုအချိန်၌လည်း အကျုံးဝင်ဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် သစ္စာရှိသောသူများဖြစ်ပါက၊ ထိုနည်းတူ ခရစ်တော်ယေရှုသည် ကျွန်ုပ်တို့အား အလွန်ချစ်ပြီး၊ ကျွန်ုပ်တို့အတွက် ကြွလာမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ထာဝရအမြဲစိုးစံနိုင်ပါသည်။ ကိုယ်တော်သည် ယခု ကောင်းကင်ဘုံ၌ရှိသော်လည်း၊ သင့်အား ဘယ်တော့မှ မစွန့်ပစ်သို့မဟုတ် မမေ့လျော့ပါ။ ကိုယ်တော်ကြွလာမည့် ထိုပျော်ရွှင်စရာနေ့ရက်အတွက် သင်၏နေ့စဉ်အသက်တာကို ကြိုတင်ပြင်ဆင်ဖို့ရန် ရွေးချယ်နေပါသလား။



© ၂၀၂၂ - My Bible First www.mybiblefirst.org sales@mybiblefirst.org

ရ၏။ ဂါဗြေလ၏ကြီးစွာသော အလင်းတောက်ပမှုကြောင့်သော်လည်းကောင်း ငလျင်ကြောင့်သော်လည်းကောင်း၊ မြေ ပြင်သို့ လဲကျခဲ့ကြ၏။ ထိုအချိန်တွင် သူတို့သည် ယေရှုအသက်ထွက်သောအခါ၌ ဖြစ်ပျက်ခဲ့သော ငလျင်လှုပ်ခြင်းကို ပြန်သတိရခဲ့ကြသည်။ တချိန်တည်းတွင်၊ ကောင်းကင်တမန်များ၏ဘုန်းရောင်ခြည်သည် ထိုသူများကို လဲကျသွားစေခဲ့ပြီး၊ သူတို့သည် သူတို့မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသောအဖြစ်ကို လူများအားလုံးကို ပြောဖို့ရန်၊ ယေရုရှလင်မြို့သို့ အပြေးအလွှားသွားခဲ့ကြ၏။ ထိုသတင်းကို ယဇ်ပုရောဟိတ်မင်းများကြားသိသောအခါတွင်၊ သူတို့သည် ကြောက်ရွံ့တုန်လှုပ်လျက် သွေးမရှိတော့သကဲ့သို့ ဖြူလေ၏။ ထို့နောက်တွင် ယဇ်ပုရောဟိတ်မင်းတို့သည် မည်သည့်အရာများ ဆက်လုပ်ခဲ့ကြသနည်း။ ရှင်မဿဲခရစ်ဝင် ၂၈း ၁၁-၁၅။

သို့သော် အလွန်နောက်ကျသွားပြီးဖြစ်သည်။ ထိုအဖြစ်အပျက်များအကြောင်း အမှန်တရားကို လူများတို့သည် ကြားခဲ့ကြပြီး ဖြစ်သည်။ သူတို့သည် တယောက်ထံမှ တယောက် သက်သေခံခဲ့ကြပြီးဖြစ်သည်။ ယေရှုသည် သေခြင်းမှ ထမြောက်သောအခါတွင်၊ မာတုရ သေခဲ့သော ဖြောင့်မတ်သူများကို သူနှင့်အတူ ထမြောက်စေတော်မူခဲ့၏။ လူများတို့သည် ထိုယေရှု၏ထမြောက်ခြင်းအကြောင်းကို ပြောရန် ယေရုရှလင်မြို့သို့ ဝင်ခဲ့ကြသည်။ ရှင်မဿဲခရစ်ဝင် ၂၇း၅၂-၅၃။

မာဂဒလမာရိသည် တနင်္ဂနွေနံနက်စောစော မိုဃ်းလင်းခါနီးတွင်၊ ဦးစွာပထမရောက်ရှိလာသူဖြစ်သည်။ သင်္ချိုင်းဂူ၏အဝမှ ကျောက်တုံးကြီးသည်လှိမ့်လျက်၊ သခင်ယေရှု၏အလောင်းတော်သည်လည်း မရှိတော့ကြောင်းကို သူမမြင်တွေ့ခဲ့လေ၏။ ယေရှု၏ အလောင်းတော်ကို တနေရာရာသို့ ယူသွားခဲ့ပြီ အထင်နှင့် သခင်ယေရှု၏တပည့်တော်များထံသို့ အပြေးအလွှားသွားခဲ့ကြ၏။



မာရိထွက်သွားပြီး ခဏချင်းတွင်၊ သန့်ရှင်းသောမိန်းမများတို့သည် သခင်ယေရှု၏အလောင်းတော်ကို လိမ်းပေးရန် အမွှေးအကြိုင်များကို ယူ၍ သင်္ချိုင်းသို့ ရောက်လာကြ၏။ မာရိကဲ့သို့၊ သူတို့သည် ထိုသို့မြင်တွေ့သောအခါတွင်၊ အံ့ဩထိတ်လန့်ပြီး၊ ဝမ်းနည်း ပူဆွေးခဲ့ကြလေသည်။ ထိုခဏချင်းတွင် တောက်ပသောအလင်းတော်သည် သင်္ချိုင်းပတ်လည်၌ လင်းလေ၏။ သူတို့သည် အဝတ်ဖြူကိုဝတ်လျက် တောက်ပထွန်းလင်းသောမျက်နှာရှိသည့် ငယ်ရွယ်သောလူတစ်ယောက်ကို တွေ့၍ အလန့်တကြားဖြစ်ခဲ့ကြလေ၏။ ထိုသူသည် ကောင်းကင်တမန်ဂါဗြေလဖြစ်ကြောင်းကို သူတို့မသိခဲ့ကြပေ။ ထိုသူသည် မိန်းမတို့အား ဘာပြောခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၈း၅-၇။

သင်္ချိုင်းဂူကို သွားကြည့်သည့်အခါတွင်လည်း၊ နောက်ထပ် ငယ်ရွယ်သောလူတစ်ယောက်ကို သူတို့မြင်ပြန်၏။ ထိုသူသည် ယေရှု၏ အလောင်းတော်မှ အဝတ်တော်ကို ဖြေပေးသော ကောင်းကင်တမန်ဖြစ်သည်။ ထိုသူသည်လည်း မိန်းမတို့အား ဘာပြောခဲ့သနည်း။ ရှင်မာကုခရစ်ဝင် ၁၆း၅-၇။

ထိုမိန်းမများသည် သခင်ယေရှု၏တပည့်တော်များထံ ထိုအံ့ဩဖွယ်သတင်းကို ပြောခြင်းငှါ အလျင်အမြန်ပြေးသွားခဲ့ပြီးနောက်၊ ပေတရုနှင့်ယောဟန်တို့သည် ရောက်လာကြ၏။ သူတို့သည်လည်း သင်္ချိုင်းဂူတွင် ဗလာတွေ့ရ၍၊ အဝတ်တော်များကို သေသပ်စွာ ခေါက်လိပ်ထားသည်ကို တွေ့မြင်ကြလေတော့သည်။ ရှင်ယောဟန်ခရစ်ဝင် ၂၀:၃-၈။

**လက်တွေ့ကျင့်သုံးရန်** - သခင်ယေရှုသည် သူ၏ရှင်ပြန်ထမြောက်ခြင်း၌ သူ၏အလောင်းတော်အဝတ်များကို သေချာခေါက်ထားဖို့ရန် အချိန်ယူခဲ့လေသည်။ သင်ရော သင်၏အလုပ်၌ စည်းမျဥ်းစည်းကမ်းရှိသလား၊ သေချာဂရုစိုက်ခဲ့ရဲ့လား။

## အင်္ဂါနေ့ ၊ ဧမောက်ရွာသို့ ခရီးစဉ် (ရှင်ယောဟန်ခရစ်ဝင် ၂၀း၁၁-၁၈၊ ရှင်လုကာခရစ်ဝင် ၂၄း၁၃-၂၇) ၃

မာဂဒလမာရိသည် သင်္ချိုင်းသို့ ပေတရုနှင့်ယောဟန်တို့နောက် တဖန်ပြန်လိုက်ခဲ့ပြီး၊ သူတို့နှစ်ယောက်ထွက်သွားခဲ့ပြီးသောအခါ၌ သင်္ချိုင်းနံဘေးတွင် ကျန်ရစ်နေခဲ့သည်။ သင်္ချိုင်းဂူအတွင်းသို့ သူမသွားကြည့်သောအခါ၌ ကောင်းကင်တမန်နှစ်ပါးကို တွေ့ခဲ့သည်။ သူတို့သည် သူမအား ဘာပြောခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၂၀:၁၃။

သူမသည် ငိုကြွေးပြီး သင်္ချိုင်းဂူမှ တစ်စုံတယောက်သည် ယေရှု၏အလောင်းတော်ကို အဘယ်မှာတွေ့ရှိကြောင်းသတင်း ပြောပြလာမည့်အချိန်ကို မျှော်လင့်၍ ထွက်သွားခဲ့သည်။ ထို့နောက် အဘယ်သို့ ဖြစ်ပျက်ခဲ့သနည်း။ အငယ် ၁၄-၁၈။

သခင်ယေရှုသည် ဘာကြောင့် ထိုနေ့တွင် ကောင်းကင်သို့ ခဏပြန်သွားခဲ့သနည်း။ သူသည် သေသောအချိန်၌ ကောင်းကင်သို့ မတက်ခဲ့ဟု အချို့သောသူများယုံကြည်ကြသည်၊ တကယ်ဟုတ်ပါသလား။ ယေရှုသည် သူ၏အသေခံခြင်းအမှုကို ခမည်းတော်သည် လက်ခံတော်မူကြောင်းနှင့် လူတိုင်းသည် ထာဝရအသက်ကို ရွေးချယ်နိုင်ရန် သူ့ခမည်းတော်၏စကားကို တိုက်ရိုက်ကြားသိရန် အလိုရှိခဲ့၏။ ထို့ကြောင့် သူသည် ကောင်းကင်သို့ ခဏတက်သွားခဲ့ခြင်းဖြစ်သည်။



ယေရှုသည် ဤကမ္ဘာမြေသို့ပြန်လာပြီးနောက်၊ မိန်းမများထံသို့ ပေါ်လာခဲ့လေ၏။ ရှင်မဿဲခရစ်ဝင် ၂၈း၉၊ ၁၀။ သို့သော် တပည့်တော်များသည် သခင်ယေရှုအသက်ရှင်နေကြောင်း မယုံကြည်ကြသေးပေ။ ယေရှုကို မြင်တွေ့ခဲ့ပြီးဟု မိန်းမများသည် ကြားပြောသော်လည်း တပည့်တော်များသည် မသေမချာဖြစ်နေဆဲ ဖြစ်ကြ၏။

ထိုတနင်္ဂနွေညနေပိုင်းအချိန်၌၊ သခင်ယေရှုကို ယုံကြည်သော လူယောကျာ်းနှစ်ယောက်သည် ၇ မိုင် (သို့) ၈ မိုင်လောက်ဝေးသောနေရာမှ ဧမောက်ရွာ မိမိတို့နေအိမ်သို့ ပြန်လာခဲ့ကြ၏။ ထိုသို့သွားကြစဉ်၊ သခင်ယေရှုအသတ်ခံရကြောင်းကို ကြားသိသောကြောင့်၊ သူတို့သည် အလွန်ဝမ်းနည်းပြီး ငိုကြွေးခဲ့ကြ၏။ ယေရှုသည် သူတို့အားမြင်တွေ့သောအခါ၊ ချဥ်းကပ်၍ သူသည် အသက်ရှင်သေးကြောင်း ကိုယ်ထင်ပြသခဲ့သည်။ သို့သော် သူတို့သည် ကျမ်းစာမှ တချို့အကြောင်းအရာများကို နားလည်ဖို့ရန် ပထမဆုံးလိုအပ်ကြောင်း ကို သခင်ယေရှု သိတော်မူခဲ့၏။

သူတို့သည် တစုံတယောက်က ချဥ်းကပ်လာသည်ဟု အထင်ရှိ၍ အဝေးတွင် ရပ်နေခဲ့ကြ၏။ သို့သော် ထိုသူမှာ သခင်ယေရှု သာဖြစ်သည်ကို သူတို့မသိခဲ့ပေ။ သင်တို့သည် အဘယ်အတွက်ကြောင့် ဝမ်းနည်းနေသနည်းဟု ယေရှုက မေးလေ၏။ ဤအပတ်အတွင်း ယေရုရှလင်မြို့၌ ဖြစ်ပျက်သောအကြောင်းကို သူတို့သည် သခင်ယေရှုအား ပြောပြခဲ့၏။ သခင်ယေရှု သူတို့အား အဘယ်သို့ တုန့်ပြန်ခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၄း၂၅-၂၇။

ဓမ္မဟောင်းကျမ်းမှ မေရှိယသခင်အကြောင်း ပရောဖက်ပြုချက်အားလုံးကို ဧကန်အမှန်ပြည့်စုံသည့်အကြောင်း သခင်ယေရှု ပြသခဲ့သည်။ သူ၏အသေခံခြင်းအားဖြင့် စိတ်အားငယ်နေမည့်အစား၊ သူသည် မေရှိယသခင်ဖြစ်ကြောင်း ခိုင်မာသော သက်သေကို သူတို့ မြင်တွေ့နိုင်ခဲ့ကြ၏။

ထိုလူနှစ်ယောက်သည် သူတို့နားထောင်ခဲ့သည့်အတိုင်း၊ စိတ်ရွှင်လန်းခဲ့ကြ၏။ ညဦးယံအချိန် မှောင်နေစအချိန်တွင် သူတို့၏အိမ်သို့ ရောက်ရှိကြပြီး၊ ယေရှုကို သူတို့နှင့်အတူ နေထိုင်ရန် ကြပ်ကြပ်သွေးဆောင်လေ၏။ သခင်ယေရှုက သူသည် အဘယ်သူဖြစ်ကြောင်း သူတို့အား အဘယ်သို့ ပြသခဲ့သနည်း။ အငယ် ၃၀-၃၂။

တပည့်တော်များသည် ယေရှုသည် သူ၏လက်ကိုမြှောက်ပြီး အစားအစာကို ကောင်းကြီးပေးသည့်နည်းလမ်းကို မြင်တွေ့ကြသောအခါ၊ သူတို့သည် အသိအမှတ်ပြုခဲ့ကြ၏။ ထို့နောက် သူတို့သည် လက်ဝါးဒဏ်ရာကိုလည်း မြင်တွေ့ခဲ့ကြပြီး၊ သူတို့၌ရှိသော သံသယများသည် ကင်းရှင်းသွားခဲ့ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်** - ယေရှုသည် ထိုသူတို့၏ယုံကြည်ခြင်းကို သူ့အားတဖန်တွေ့မြင်ခြင်းကြောင့် ပျော်ရွှင်နေသည့်သူတို့၏ခံစားချက်မှလာသော ယုံကြည်ခြင်းကို အလိုမရှိပေ။ သို့သော် ဘုရားသခင် ၏နှုတ်ကပတ်တော်မှ ခိုင်မြဲသောသက်သေများအပေါ်မှီတင်သော ယုံကြည်ခြင်းမျိုးကို သူလိုချင်သည်။ သင်ရော အဘယ်သို့နည်း။ သင်၏ ခံစားချက်ပေါ်မူတည်ပြီး သခင်ယေရှုကို ယုံကြည်ကိုးစားမည်လား သို့မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်မူတည်ပြီး ယုံကြည်ကိုးစားမည်လား။

## ဗုဒ္ဓဟူးနေ့ ၊ သံသယဝင်နေသော သောမတ်စ် (ရှင်လုကာခရစ်ဝင် ၂၄း၂၈-၄၃၊ ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၄-၂၉) ၄

ဧမောက်ရွာ၌ ထိုလူနှစ်ယောက်တို့သည် သခင်ယေရှု အသက်ရှင်ကြောင်းနှင့် ယေရုရှလင်မြို့မှ တစ်လမ်းလုံး သူတို့နှင့်အတူ လမ်းအတူလျှောက်သူ၊ စကားပြောခဲ့သူသည် ယေရှုရှင်ဖြစ်ကြောင်းကို သူတို့နားလည်သဘောပေါက်ခဲ့လေသည်။ ရုတ်တရက်၊ သူတို့သည် ညစာကိုတောင် မေ့လျော့ခဲ့ကြပြီး၊ ယေရှုသည် အမှန်တကယ်အသက်ရှင်နေကြောင်းကို တပည့်တော်တို့အား ပြောအံ့သောငှါ၊ တံခါးမှ ထွက်ပြေးခဲ့ကြ၏။

ဌင်းကို သူတို့သည် မသိခဲ့သော်ငြားလည်း၊ ယေရှုသည် ယေရုရှလင်မြို့သို့ ညဖြစ်သည့်အလျောက်အမှောင်ထဲမှာ အန္တရာယ်ရှိသည့်ခရီးဖြစ်သောကြောင့် သူတို့ဘေး၌ရှိနေပြီး လမ်းတလျှောက်လုံးကာကွယ်ပေးခဲ့သည်။ အထက်ခန်း၌ရှိသော သခင်ယေရှု၏တပည့်တော်တို့သည် သတိရှိစွာ သူတို့ကို ဝင်ခွင့်ပေးခဲ့၏။ သခင်ယေရှုသည်လည်း သူတို့နှင့်အတူ ကိုယ်ယောင်ဖျောက်ဝင်လာသည်ကို သူတို့ မသိခဲ့ကြပေ။



သူတို့အားလုံးသည် စိတ်လှုပ်ရှားခဲ့ကြသည်။ ထို့နောက်၊ ပေတရုသည် ထိုလူနှစ်ယောက်နှင့်အတူလျှောက်လာသည့် သခင်ယေရှုအား မြင်တွေ့ခဲ့ပြီး၊ သာ၍စိတ်တုန်လှုပ်ချောက်ချားခဲ့ကြသည်။ ထိုအချိန်၌၊ တစ်ယောက်ယောက်သည် သူတို့နှင့်အတူ၊ အခန်းထဲမှာ ရှိနေသည်ကို သတိထားမိခဲ့ကြသည်။ သခင်ယေရှုက “သင်တို့နှင့်အတူ ငြိမ်သက်ခြင်းရှိစေသတည်း” ဟု မိန့်တော်မူခဲ့သည်။ သို့သော် သူတို့သည် သရဲတစ္ဆေကိုမြင်သည်ဟု စိတ်အထင်နှင့် ထိတ်လန့်ကြောက်လန့်ခြင်းသို့ ရောက်ကြ၏။ ထို့နောက် ယေရှုသည် မည်သို့ထပ်မိန့်တော်မူခဲ့သနည်း။ ရှင်လုကာခရစ်ဝင် ၂၄း၃၉-၄၃။ သူ့အကြောင်းကို ကြိုတင်ဟောထားသော ကျမ်းစာ၌ ပရောဖက်ဟောထားချက်များ ပြည့်စုံကြောင်းကို သူတို့အား တဖန် ပြန်ရှင်းပြခဲ့၏။

အရာအားလုံးသည် ယေရှုက အသက်ရှင်ကြောင်း သက်သေပြနေသည်ကို၊ ထိုအထဲတွင် မယုံကြည်သေးသောသူတစ်ယောက် ကျန်သေး၏။ ထိုသူမှာ တပည့်တော်များထဲမှ သောမတ်စ်အမည်ရှိသောသူဖြစ်၏။ သူသည် ယေရှုကိုယ်ထင်ပြသောအခါ၊ ထိုနေရာ၌ မရှိခဲ့သောကြောင့် ဖြစ်သည်။ တခြားသူများသည် အဘယ်သို့ဖြစ်ပျက်ကြောင်း သူ့အားပြောပြခဲ့သည့်အခါ၊ ပျော်ရွှင်ဝမ်းမြောက်ရမည့်အစား သူသည် သံသယစိတ်ရှိခဲ့၏။ သူသည် အဘယ်သို့ ပြောခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၂၀:၂၄၊ ၂၅။

သောမတ်စ်သည် တပတ်လုံးလုံး ဝမ်းနည်းခြင်းဝေဒနာကို ခံစားခဲ့သည်၊ သာ၍ စိတ်အားညိုငယ်ခဲ့ရ၏။ ထို့နောက် တစ်ညနေ၌ သခင်ယေရှုသည် သူတို့အားပြောနေကျဖြစ်သော ချိုသာသောနုတ်ခွန်းဆက်စကားများနှင့်အတူ တပည့်တော်များကြားတွင် ရုတ်တရက် ပေါ်လာတော်မူခဲ့၏။ ထိုအချိန်တွင် သခင်ယေရှုသည် သောမတ်စ်အား တိုက်ရိုက် နူးညံ့စွာ စကားပြောခဲ့သည်။ ယေရှုသည် အဘယ်အကြောင်း ပြောခဲ့သည်ကို အငယ် ၂၇-၂၉ ကို ဖတ်ပါ။

**လက်တွေ့ကျင့်သုံးရန်** - သောမတ်စ်သည် သခင်ယေရှုအား မိမိမျက်စိဖြင့် မမြင်ခဲ့သည့်တိုင်အောင် မယုံကြည်ခဲ့ပေ။ ကျွန်ုပ်တို့အားလုံး၏ သံသယများကို ဖယ်ရှားသည်အထိ ယုံကြည်ခြင်းကို နှောင့်နှေးခြင်းသည် ပညာရှိရာရောက်သလော။ ဟေဗြဲဩဝါဒစာ ၁၁း၁။

## ကြာသပတေးနေ့ ၊ ဂါလိလဲပင်လယ်တွင် (ရှင်ယောဟန်ခရစ်ဝင် ၂၁) ၅

သခင်ယေရှုသည် မိမိကိုယ်ကို သောမတ်စ်အား ကိုယ်ထင်ပြပြီး၊ များမကြာမီတွင် တပည့်တော်များသည် သခင်ယေရှုနှင့်အတူ မိုင် ၈၀ ဝေးသော ယေရုရှလင်မှ ဂါလိလဲပင်လယ်နားသို့ ထွက်ခွာခဲ့ကြသည်။ ထိုအိုင်သို့ ရောက်သောအရာတွင် သူတို့စိတ်ထဲတွင် အမှတ်ရစရာများစွာနှင့် ပြည့်နှက်နေကြ၏။ ထိုနေရာသည် သခင်ယေရှုသည် သင်ခန်းစာများစွာကို သင်ကြားပေးခဲ့သောနေရာ၊ မြောက်များစွာသော နိမိတ်လက္ခဏာများကိုလည်း ပြုလုပ်ပြခဲ့သောနေရာ ဖြစ်သည်။



ထိုညနေခင်းတွင် ပေတရုနှင့် တခြားတပည့်တော် ခြောက်ယောက်နှင့်အတူ ရောက်လာသောအခါတွင်၊ ပေတရုသည် “ငါးဖမ်းရန် သွားကြစို့” ဟု အကြံပေးခဲ့သည်။ သူတို့သည် ငွေလိုအပ်ခဲ့ကြသည်၊ ကောင်းသောငါးများကို ရောင်းချခြင်းဖြင့် သူတို့အား အကူအညီအများကြီးဖြစ်စေလိမ့်မည်ဖြစ်သည်။ သူတို့သည် လှေနှင့် ပိုက်ကွန်များကို အဆင့်သင့်ပြင်ပြီးနောက် ရေနက်သောကန်ထဲသို့ ရွှေ့ဖမ်းခဲ့သည်။

သူတို့သည် ငါးဖမ်းချိန်၌ ယေရှုနှင့်အတူရှိနေကြသည့် အချိန်များတွင် ဖြစ်ပျက်ခဲ့သောအရာများအကြောင်းကို ပြောနေခဲ့ကြသည်။ သူတို့၏ကွန်များကို စစ်ဆေးကြသည်၊ သို့သော် တခါမျှ ငါး မပါခဲ့ချေ။

နံနက်မိုးလင်းသောအခါတွင် သူတို့ပတ်လည်တွင် သူစိမ်းတစ်ယောက်ရောက်ရှိနေကြောင်းကို သတိပြုမိခဲ့ကြသည်။ ထိုသူသည် သူတို့အား အဘယ်သို့ခေါ်ခဲ့သနည်း။ ထိုသို့ ခေါ်ခဲ့ပြီးနောက် အဘယ်သို့ဖြစ်ပျက်ခဲ့သနည်း။ ရှင်ယောဟန်ခရစ်ဝင် ၂၁း၄-၆။

ပေတရုက လှေသည် ရွှေ့သင့်သလောက် မြန်မြန်မရွှေ့နိုင်သကဲ့သို့ခံစားရပြီး၊ အလွန်ကြောက်လန့်ခဲ့သည်။ ပေတရုသည် ရေထဲကို ခုန်ချပြီး၊ ကမ်းနားသို့ ကူးသွားခဲ့သည်။ ထို့နောက်သူတို့သည် ကုန်းပေါ်သို့ရောက်သောအခါတွင်၊ သခင်ယေရှုသည် သူတို့အတွက် နံနက်စာပြင်ဆင်ပြီးစားဖို့ ခေါ်ခဲ့သည်။ အငယ် ၉-၁၃။